# သင့်ကိုယ်ရေးကိုယ်တာ လုံခြုံမှုအတွက် စိုးရိမ်နေပါသလား။

**မဲစာရင်းတွင် သူတို့၏ အသေးစိတ် အချက်အလက်များကို အများပြည်သူသိရှိနိုင် သဖြင့် လုံခြုံသည်ဟု မခံစားရသော်လည်း သူတို့ မဲပေးခွင့်ဆုံးရှုံးသည်ဟု မဆိုလိုပါ။**

အကယ်၍ သင် သို့မဟုတ် သင့်မိသားစု၏ ကိုယ်ရေးကိုယ်တာလုံခြုံရေးအတွက် စိုးရိမ်ပါက လျှို့ဝှက်ပြီး မထုတ်ဝေသောမဲစာရင်းဖြင့် လုပ်ဆောင်ရန် လျှောက်ထားနိုင်ပါသည်။ သင့်မှတ်ပုံတင်ခြင်းဆိုင်ရာ အသေးစိတ် အချက်အလက်များကို လုံခြုံစွာ သိမ်းဆည်းထား မည်ဖြစ်ပြီး မည်သူ့ကိုမျှ မပေးပါ။

# မဲပေးရန် စာရင်းသွင်းခြင်း

## သင့်ကိုယ်ရေးကိုယ်တာ လုံခြုံမှုအတွက် စိုးရိမ်နေပါသလား။

**vote.nz**
**0800 36 76 56**

ROE47B 06/26 Burmese

ELECTORAL COMMISSION
TE KAITIAKI TAKE KŌWHIRI

## မထုတ်ဝေသောမဲစာရင်းတွင် မည်သို့ ပါဝင်ရမည်နည်း။

မထုတ်ဝေသောမဲစာရင်းတွင် ပါဝင်ရန်အတွက် ဤလက်ကမ်းစာစောင်နှင့်ပူးတွဲပါ ပုံစံကိုဖြည့်စွက်ပြီး ကျွန်ုပ်တို့ထံပြန်ပို့ပါ –

သင်သည် စာရင်းသွင်းမထားရသေးပါက သို့မဟုတ် အသေးစိတ်အချက်အလက်များကို အပ်ဒိတ်လုပ်ရန် လိုအပ်ပါက စာရင်းသွင်းပုံစံကိုလည်း ဖြည့်စွက်ရန် လိုအပ်ပါသည်။ စာရင်းသွင်းပုံစံတစ်ခုရယူရန် ဤရွေးချယ်စရာနှစ်ခုအနက်မှ တစ်ခုကို ရွေးချယ်ပါ –

- ဤနံပါတ်ကို ဖုန်းခေါ်ဆိုပါ **0800 36 76 56** ဖုန်းခေါ်ဆိုပြီးလျှင် စာရင်းသွင်းပုံစံကို သင့်ထံ ပေးပို့ပါမည်။
- ဖြည့်စွက်ပြီး ကျွန်ုပ်တို့ထံပြန်ပို့ရန် **vote.nz** တွင် စာရင်းသွင်းပုံစံကို ဒေါင်းလုဒ် လုပ်ပါ။

## ဘယ်လို အထောက်အကူပြု အချက်အလက်တွေ ထည့်သွင်းဖို့ လိုအပ်ပါသလဲ။

မထုတ်ဝေသောမဲစာရင်းတွင် အဘယ်ကြောင့် မှတ်ပုံတင်ရန်လိုအပ်ကြောင်း ပြသသည့် အချက်အလက်များကို ပေးရန် လိုအပ်ပါသည်။ ထည့်သွင်းရမည့် အချက်အလက်အမျိုးအစား၏ ဥပမာအချို့ကို ဤနေရာတွင် ဖော်ပြထားပါသည်။ (လျှောက်ထားရန်အတွက် ဤအချက်အလက်အားလုံးကို သင်မလိုအပ်ပါ။)

- **သင့်အလုပ် သို့မဟုတ် ကိုယ်ရေးကိုယ်တာအခြေအနေများက သင့်အား အဘယ်ကြောင့် အန္တရာယ်ဖြစ်စေသည်ကို ရှင်းပြသော စာတစ်စောင်။ ဤစာသည် သင့်အလုပ်ရှင်၊ ရှေ့နေ၊ လူမှုရေးဝန်ထမ်း၊ ထောက်ခံပံ့ပိုးသူ သို့မဟုတ် အသိုင်းအဝိုင်းတွင် ထင်ရှားသူ တစ်ဦးဦးထံမှ ဖြစ်နိုင်သည်။**
- **Family Violence Act 2018 ဥပဒေအရ အကျုံးဝင်သော ကာကွယ်ရေးအမိန့်မိတ္တူ။**
- **Harassment Act 1997 ဥပဒေအရအကျုံးဝင်သော တားမြစ်မိန့်မိတ္တူ။**
- **သင့်အမည်နှင့် လိပ်စာကို ဖော်ပြခြင်းသည် သင် သို့မဟုတ် သင့်မိသားစု၏ ဘေးကင်းရေးကို အဘယ်ကြောင့် ထိခိုက်စေနိုင်ကြောင်း ရှင်းပြသည့် ရဲအရာရှိ သို့မဟုတ် အကျဉ်းထောင်အရာရှိထံမှ အချက်အလက်များ။**

ELECTORAL COMMISSION
TE KAITIAKI TAKE KŌWHIRI

## ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ ပြောင်းသွားလျှင် မည်သို့ ဖြစ်မည်နည်း။

မထုတ်ဝေသောမဲစာရင်းတွင် သင်ပါဝင်သွားသည်နှင့် သင့်အမည် သို့မဟုတ် လိပ်စာကဲ့သို့သော စာရင်းသွင်းမှုအသေးစိတ်အချက်အလက်များ ပြောင်းလဲသွားပါက ကျွန်ုပ်တို့အား အသိပေးရန် လိုအပ်ပါသည်။ စာရင်းသွင်းမှုပုံစံအသစ်ကို ဖြည့်စွက်ပြီး ကျွန်ုပ်တို့ထံ ပြန်ပို့နိုင်ပါသည်။ သင့်ကိုယ်ရေးကိုယ်တာ အခြေအနေများ ပြောင်းလဲသွားပါက အများပြည်သူရရှိနိုင်သောစာရင်းတွင် ပြန်လည်ပါဝင်ရန်လည်း တောင်းဆိုနိုင်ပါသည်။

ပြောင်းလဲမှုတစ်ခုခု ပြုလုပ်ရန် လိုအပ်ပါက ရွေးကောက်ပွဲကော်မရှင်၏ အီးမေးလ်လိပ်စာဖြစ်သော **unpublished.roll@elections.govt.nz** သို့ ပေးပို့ ဆက်သွယ်ပါ။

## မထုတ်ဝေသောမဲစာရင်းတွင် ကျွန်ုပ် ပါဝင်နေသည့်အခါ မည်သို့ မဲပေးရမည်နည်း။

အထွေထွေရွေးကောက်ပွဲ သို့မဟုတ် ကြားဖြတ်ရွေးကောက်ပွဲတွင် မည်သည့်မဲရုံတွင်မဆို မဲပေးနိုင်ပါသည်။ မဲပေးရာတွင် မဲစာရွက်များ ထုတ်ပေးရန် အသုံးပြုသည့် ပုံနှိပ်ထားသော မဲစာရင်းတွင် သင့်အသေးစိတ်အချက်အလက်များ မပါဝင်သောကြောင့် သင်သည် အထူးမဲတစ်မဲ ပေးရန် လိုအပ်ပါသည်။

သင်မဲပေးရန် စာရင်းသွင်းထားသည့် မဲဆန္ဒနယ်ကို အတည်ပြုရန်အတွက် သင်၏မဲစာရွက်နှင့်အတူ အပိုပုံစံတစ်ခုကို ဖြည့်စွက်ရန် လိုအပ်ပါသည်။ သင်ဆန္ဒမရှိပါက ပုံစံပေါ်တွင် လိပ်စာ သို့မဟုတ် ယခင်အမည်အချက်အလက်များကို ဖြည့်စွက်ရန် မလိုအပ်ပါ။ သို့သော် ဤအချက်အလက်ကို ပေးအပ်ခြင်းဖြင့် သင် မဲပေးခွင့်ရှိမရှိ အတည်ပြုနိုင်ရန် ကျွန်ုပ်တို့အား ကူညီပေးပါသည်။ မဲပေးသည့်နေရာသို့ ရောက်သည့်အခါ မည်သို့လုပ်ရမည်ဆိုသည်ကို တစ်ယောက်ယောက်က သင့်အား ပြသပေးပါမည်။

ဒေသန္တရရွေးကောက်ပွဲများတွင် မဲပေးရန်အတွက် သင့်ဒေသန္တရကောင်စီရှိ ရွေးကောက်ပွဲအရာရှိအား မဲစာရွက်များ ပေးပို့ရန် တောင်းဆိုရန်လိုအပ်ပါသည်။

## Complete this form to apply to go on the unpublished roll.

**Full name:**

**Date of birth:**

**Contact phone number:**

**Email:**

**Address where you are enrolled to vote or have applied to enrol:**

**List the information provided to support your application:**

✓ **Please tick one of the following:**

- ☐ **I am already enrolled to vote**
- ☐ **I am not enrolled and I have enclosed a completed enrolment form**

**Signature:**

**Date:**

Complete this form and return to the Electoral Commission.

Return by post to:
**Electoral Commission, PO Box 190, Wellington 6140**

or email a scanned copy or photo to:
**unpublished.roll@elections.govt.nz**

Remember to include any information that supports your application to register on the unpublished roll.

For more information visit **vote.nz**